
面向21世纪课程教材
国家外语非通用语种本科人才培养基地教材

主编　汪大年

# 缅甸语教程

## （第四册）

本册编著／姜永仁



北京大学出版社
PEKING UNIVERSITY PRESS

H421

面向 21 世纪课程教材
国家外语非通用语种本科人才培养基地教材


H421
W054/2

主 编 汪大年

# 缅甸语教程

第四册

本册编著 姜永仁



北京大学出版社
北 京

图书在版编目(CIP)数据

缅甸语教程. 第四册/ 姜永仁编著. —北京：北京大学出版社
2005.8

ISBN 7-301-07942-7

Ⅰ. 缅… Ⅱ. 姜… Ⅲ. 缅语-高等学校-教材 Ⅳ. H421

中国版本图书馆 CIP 数据核字(2004)第 010427 号

书　　名：缅甸语教程 第四册
著作责任者：姜永仁 编著
责 任 编 辑：杜若明
标 准 书 号：ISBN 7-301-07942-7/H・1202
出 版 发 行：北京大学出版社
地　　址：北京市海淀区成府路 205 号 100871
网　　址：http://cbs.pku.edu.cn
电　　话：邮购部 62752015 发行部 62750672 编辑部 62753334
电 子 邮 箱：zpup@pup.pku.edu.cn
排 版 者：北京华伦图文制作中心
印 刷 者：河北滦县鑫华书刊印刷厂
经 销 者：新华书店
890 毫米×1240 毫米 A5 10 印张 250 千字
2005 年 8 月第 1 版 2005 年 8 月第 1 次印刷
定　　价：20.00 元

# 编者的话

1.《缅甸语教程》是教育部"高校外语专业面向21世纪教育内容和课程体系改革计划"中的入选项目，也是北京大学外语主干课程教材基础建设的一项重要科研任务。十五年前，我们曾经编写过《缅甸语基础教程》，出版后受到广大读者的欢迎，也被许多兄弟院校采用。但是，十多年来，国内外形势有了很大变化,尤其是进入21世纪，我国加入WTO，客观形势对外语教学又提出了新的更高的要求。为了适应时代发展的需要，我们在总结以往经验和教训的基础上，重新编写了从基础到高级的全套《缅甸语教程》。

2. 《缅甸语教程》主要读者对象为大专院校缅甸语专业本科生，也可供从事缅甸语言教学和研究人员及自学人员参考和学习。

3. 《缅甸语教程》共分六册，供两个阶段学习：第一、第二、第三册为基础阶段教材，学习时间一般为一年半，共教词汇约 4500 个；第四、第五、第六册为提高阶段教材，学习时间为一年半，词汇量约5000左右。

第一册（基础教程）为语音阶段和基础句型阶段所用。包括12课语音教材及8课基本句型为主的课文。语音阶段教学的主要目的是使学生掌握缅甸语的语音基础、熟练掌握缅甸语的发音、变音、声调、基本语调及缅甸文字拼写规律。第 13—20 课的课文阶段主要目的是使学生了解缅甸语的基本句子构成和常用语表达方式。还是以巩固基本语音、基本句型为主，不要求深入分析语法关系，同时以实用的日常会话来带动语音学习。

进大学学习缅甸语的学生与学英语的学生外语基础不同，学习缅甸语的学生都是从零开始，因此《缅甸语教程》特别重视语音的基本功训练。同时由于缅甸语中书面语体和口语体有较大的差别，往往形成学生学习中的障碍，为了尽快消除这些障碍，根据多年来的教学经验，我们采取在基础教材中口语体和书面语体同步前进的方式。

第二、第三册（基础教程），以基本词汇、基本语法和基本句型的教学为主，围绕生活会话的内容进行语言训练。要求经过三册的学习，达到了解和熟悉缅甸语的基本语言规律，较熟练地掌握生活会话。

第四、第五、第六册（高级教程），为提高阶段所用。这三册都以原文注释词汇和课文内容。通过大量练习，不断提高外语的理解能力和表达能力；通过对原文学习，使学生更多地了解缅甸的政治、经济、文化和风俗习惯等，进一步扩大学生的知识面和培养学生独立思考能力和解决问题的能力；通过大量严格的训练，全面提高学生的听、说、写、读等能力并熟练掌握汉缅、缅汉语言互译的基本技能和技巧。

4.《缅甸语教程》的主要特点是：

（1）以实践第一为原则：首先，我们筛选经典或精品作课文的主要内容，同时补充有时代感和前瞻性的作品。21 世纪全球共同关注的经济一体化、发展高科技、加速信息化、远离艾滋病以及与缅甸关系密切的禁毒反毒等内容都在课文中有所反映。使学生真正做到学以致用。其次，注重“精讲多练”，扩大课文中的练习内容，使课堂不仅是老师授业的场所，更成为学生得到反复训练机会的场所。

（2）贯彻以人为本的原则：教材除提供各种丰富的练习内容，还提供了补充阅读材料，便于“因材施教”，使各类学生都能得到充分发挥的机会。同时，教材还着重考虑到调动和发挥学

试读结束：需要全本请在线购买： www.ertongbook.com

生的积极性，尤其是练习内容不仅要使学生学到有用的知识，更重要的是注重培养学生优良的道德品质和较强的独立思考和解决问题的能力。

（3）确保教材的系统性和科学性：《缅甸语教程》包括缅甸语中基本语音、词汇、语法及习用语等，从基础教程到高级教程基本做到深浅合适，符合循序渐进的要求。

（4）题材和体裁丰富多彩，并有多种常用的应用文内容，便于扩大学生的知识面和提高实际应用能力。

（5）知识性与趣味性有机的结合：课文不仅内容丰富，形式多样并有许多诸如儿歌、成语、绕口令、谜语、讨论题、辩论题等生动内容，为学生创造轻松、自如的学习氛围，进行有效的学习。

5.《缅甸语教程》编委成员有：

汪大年、林琼、杨国影、姜永仁、姚秉彦、李谋

编写任务分工如下：

主　　编：　汪大年　（负责全书的审定）

分册编著：

第一册：　汪大年

第二册：　林　琼

第三册：　杨国影、汪大年

第四册：　姜永仁

第五册：　姚秉彦

第六册：　李　谋

6.《缅甸语教程》的编写，得到了教育部“高校外语专业面向21世纪教学内容和课程体系改革计划”项目的经费资助。同时也得到“北京大学创建世界一流大学计划”、“北京大学国家外语非通

用语种人才培养基地”的经费资助，使编写工作得以顺利完成。《缅甸语教程》的出版还得到北京大学基干课程教材出版基金的资助。

7.《缅甸语教程》编写过程中，我们与兄弟院校的师生进行了广泛座谈和探讨，吸取了许多宝贵意见和他们的好经验。

8.《缅甸语教程》的编写也受到北京大学外国语学院和东语系各级领导的关心和支持。责任编辑杜若明认真审读并提出了许多宝贵的修改意见。缅甸语言文化专业博士研究生祝湘辉和硕士研究生邹怀强在编写过程中，帮助做了许多具体工作。在此一并表示衷心的感谢。

9.《缅甸语教程》的编写，经过反复的修改、补充，前后历时4年，大家都尽心尽力，埋头苦干，总希望能将教材编得最好。然而，毕竟编写教材是一项细致而又长期的科研工作，不可能毕全功于一役，也难以做到尽善尽美。《缅甸语教程》中难免有疏漏和不当之处，衷心希望和热诚欢迎本教程使用者提出宝贵意见和建议，使教材质量精益求精、不断提高。

编　者

2002. 7. 1

# မာတိကာ


သင်ခန်းစာ(၁) ခရီးသည်တစ်ဦး.........1

သင်ခန်းစာ(၂) ရှခင်းသာယာပြည်မြန်မာ.........19

သင်ခန်းစာ(၃) အမှာစာရေးနည်း.........39

သင်ခန်းစာ(၄) ရောင်ပြန်ဟပ်သောစကားလုံး.........55

သင်ခန်းစာ(၅) သစ်တောများထိန်းသိမ်း စနစ်တကျထုတ်လုပ်.........75

သင်ခန်းစာ(၆) ဖေါင်စီးယင်းရေဝတ်သူ.........91

သင်ခန်းစာ(၇) နားသမင်္ဂလာ.........107

သင်ခန်းစာ(၈) သကြန်တုန်းက.........129

သင်ခန်းစာ(၉) နွေဦးကျက်သရေ.........146

သင်ခန်းစာ(၁၀) ထဘီလေးတစ်ထည်.........166

သင်ခန်းစာ(၁၁) တစ်သက်တစ်ခါ......187

သင်ခန်းစာ(၁၂) ကျေးလက်သီချင်းများ......210

သင်ခန်းစာ(၁၃) တရုတ်-မြန်မာချစ်ကြည်ရေးအခွန့်ရှည်ပါစေ......220

သင်ခန်းစာ(၁၄) တီဗွီနာ......236

သင်ခန်းစာ(၁၅) လမ်းထဲမှာ လူရဲလုပ်ခြင်း......258

ဝေါဟာရများ......283

# သင်ခန်းစာ ( ၁ )

## ခရီးသည်တစ်ဦး

၁၉၇၇ ခု၊ ဩဂုတ်လ ၉ ရက်၊ အင်္ဂါနေ့

အနည်းငယ်ရှည်ကြာမည့် ခရီးရှည်ကြီးတစ်ခုကို စတင်ထွက်ခဲ့ပြန်လေပြီ။

စကားပုံတစ်ခုကို သတိရသည်။ "မည်မျှရှည်ဝေးသည့် ခရီးဖြစ်စေ၊ ပထမအစမှာ ခြေတစ်လှမ်းက စတင်ရသည်" တဲ့။ ချမ်းသာကြွယ်ဝလှပသာယာသဖြင့် ချစ်မြတ်နိုးဘွယ်ကောင်းသော အမိမြန်မာပြည်၏ မြေပြင်ဖြစ်သည့် မင်္ဂလာဒုံလေဆိပ်မှ ခရီးစဉ်၏ ပထမခြေလှမ်းကို လှမ်းခဲ့သည်။ ယင်းပထမခြေလှမ်းဖြင့် ဘီအေစီလေယာဉ်ကြီးပေါ် တက်လိုက်သောအချိန်မှစကာ မိမိတစ်သက်လုံး မွေ့လျော်ခဲ့သည့် ထွေးနွေးသောမိခင်မြေပြင်သည် ကျန်ရစ်ခဲ့လေပြီ။ ဝေးလှမ်းသောခရီးစဉ်ကြီးကို စတင်ခဲ့မိသည်။

ကျန်ရစ်ခဲ့သော မြန်မာပြည်မြေပြင်မှာ---ချစ်စရာ၊ ခင်စရာ၊ ကြင်စရာ၊ မက်စရာ၊ စွဲစရာ၊ တွယ်တာစရာ၊ လွမ်းစရာ၊ တမ်းတစရာကလေးများကိုလည်း ထားရစ်ခဲ့ပေပြီ။ ခရီးစဉ်မှာ လူ့ဘဝ၏ အတိုင်းအတာနှင့် နှိုင်းစာပါလျှင် ခဏဝယ်တစ်ခုမျှသာ ကြာမည်ဖြစ်၏။ သို့သော် လက်ငင်းအား ဖြင့်မူ များစွာရှည်ကြာဘိအလား။ နိုင်ငံကို ကျောခိုင်းမိသည်နှင့်တပြိုင်နက်၊ ကျန်ရစ်လေမည့် အရာ များသည် တသီကြီးမနောတွင်း၌ အရိပ်ထင်လာတော့သည်။


အဦးဆုံး ထင်လာသော အရိပ်မှာ--လေးဆူဓာတ်ပုံရွှေတိဂုံ။

မြန်မာနိုင်ငံကို ကျောခိုင်းပြီး ခရီးထွက်လေတိုင်း မျက်စိအောက်၌ ရွှေတိဂုံ ကိုယ်တော်မြတ်ကြီးက မျက်ဝါးထင်ထင် မားမားမတ်မတ် ကြွချီလာလေ့ရှိသည်။

အကြိမ်ပေါင်းမည်မျှများပြားစွာဖူးမျှော်သည်ဖြစ်စေ၊ အချိန်ပေါင်းမည်မျှကြာမြင့်စွာ ဖူးမျှော် သည်ဖြစ်စေ ဖူးမဝ၊ ရှုမငြီး၊ ကြည်ညို၍ အားမရနိုင်သော ရွှေတောင်မြတ်ကြီး

ကို ခေတ္တမျှ ခွဲရဦး တော့မည်။ နံနက်စောစော လမ်းလျှောက်ရင်း ဖူးနေကျဘုရား၊ ဟိုမှသည်မှ ကူးလူးသွားလာရင်း လမ်းကြုံသဖြင့် ဖူးမြင်ရသောဘုရားကြီးကို ကာလအတန်ကြာမျှ ဖူးခွင့် မကြုံရတော့ပြီ။

ထို့ပြင် ရင်မှဖြစ်သော ရင်သွေးတို့ကိုလည်း ပခုံးကိုပွေ့၍ တွေ့ခွင့်မရှိ၊ ကျောကို သပ်ကာ ချော့ ခွင့်မလာ၊ ခေါင်းကိုပုတ်၍ ဆုံးမခွင့်မကြုံ၊ မဆုံမတွေ့ ခေတ္တခဏ မေ့နိုင်အောင် အားထုတ်ရစေဦး တော့မည်။



မိမိကိုးကွယ်သော ဘုရားနှင့် မိမိရင်မှဖြစ်သော သားသမီးတို့ကို မြန်မာ့မြေပေါ်မှ ခြေလှမ်း ခွာသည်နှင့် အောက်မေ့တသ သတိရမိရှာတော့သည်။

လေယာဉ်ပျံပေါ်တက်ပြီး ထိုင်ခုံ၌ ထိုင်လိုက်သောအခါ၊ သတိရစရာကလေးတို့သည် တစ်ဦးထက် တစ်ဦး၊ တစ်ခုထက်တစ်ခု၊ တစ်မျိုးထက်တစ်မျိုး သူ့ထက်ငါလုယက်ကာ၊ ခရီးသည်၏ ဦးခေါင်းတွင်းသို့ ချီတက်ဝင်ရောက်လာကြတော့သည်။ လေယာဉ်ပျံကြီးက စတင်ပျံသန်းလေပြီ။

ပို၍ တမ်းတရမည်ကား မန္တလေး ဝင်းလိုက်ရုံမှ မုန့်တီ၊ တရုတ်တန်းမှ မြီးရှေ၊ မိတ္ထီလာ ပေါက်ချောင်းမှ အကြော်၊ ညောင်ဦး ငါးမျက်နှာရပ်မှ မုန့်ပစ်သလက်၊ ရွှေတောင်မှ မုန့်ဟင်းခါး၊ ပြည်မြို့မှ ညှပ်ခေါက်ဆွဲနှင့် ရန်ကုန်အရှေ့မြင်းပြိုင်ကွင်းမှ မုန့်ဟင်းခါးတို့ဖြစ်သည်။ တစ်သက်လုံး အရသာခံလာခဲ့သည်တို့ကို ခေတ္တခဏ ခွဲရပေဦးမည်။

အမိမြန်မာမြေပေါ်မှာ စွဲမက်ဖွယ်ရာတွေက များလှသည်။ ဆရာသုခ၊ မောင်ဆွေတင့်၊ မောင်ဝဏ္ဏစသည်တို့၏ ရုပ်ရှင်ကားများ၊ ပေါစံ၏ ပြက်လုံး၊ စိန်ဗိုလ်တင့်၏ တီးဝိုင်းတို့မှ သကြီန် အဖွဲ့များ၏ အနုပညာအထိ၊ အရသာအတိပြည့်သော ခံစားချက်များကို ကျောခိုင်းခဲ့ရသည်။ တော် သေးသည်။ မြန်မာစာအုပ်များကို မှာယူဖတ်ရှုနိုင်သည်။မာမာ

试读结束：需要全本请在线购买： www.ertongbook.com

အေး၏ အသံ၊ ဝင်းဦး၏ တေးတို့ကို တိပ်သွင်းယူခဲ့သည်။ ပေါ်ဦးသက်၊ ကိုကြည်ဝင်း စသည်တို့၏ ပန်းချီကားများလည်း ပါလာသည်။ မြန်မာ့အနုပညာရသကို သယ်နိုင်သမျှ သယ်ခဲ့သဖြင့် တော်သေးသည်။

နိုင်ငံခြားခရီးသည်အမျိုးသမီးတစ်ဦးသည် ဆောင်းပါးရှင်၏ ထိုင်သော ခုံဘေးမှ ဖြတ်သွား သည်။ စူးရှသော ရေမွှေးနံ့ပြင်းပြင်းကို ရှူလိုက်ရသည်။ နံနက်ဖြနောရီ လမ်းလျှောက်ရင်း ရောက်ခဲ့ ရသော ဝန်ကြီးများရုံ၊ လုပ်သားသတင်းစာတိုက်ရှေ့ရှိခရေတန်းမှ ခရေနံ့ကလေးများကို သတိရမိပြန်သည်။

ရန်ကုန်မှဘန်ကောက်သို့ ၄၅ မိနစ်ခန့်သာပျံရသည်။

"ယခုအချိန်ကစပြီး ဘန်ကောက်လေဆိပ်သို့ ဆင်းပါတော့မည်" ဟု လေယာဉ်မယ်ကလေးက ကြေညာပြီး မကြာမီ၊ လေယာဉ်ပျံကြီးသည် မြေပြင်ပေါ်သို့ ရောက်လေတော့သည်။ မြန်မာ့မြေ မဟုတ်တော့ပြီ။

မြန်မာ့မြေမဟုတ်သည်ကို လေယာဉ်ပျံကြီး ဆင်းသက်ရန် ပျံဝဲစဉ်ကပင် မြင်လိုက်ရသည်။ ဘန်ကောက်လေဆိပ်သည် အရှိန်အဟုန်ကြီးမားစွာ တိုးတက်စည်ကားနေလေပြီ။

၁၉၅၈ ခုနှစ်က ဆောင်းပါးရှင် ပထမဦးစွာ နိုင်ငံခြားသို့ ခရီးထွက်စဉ်က မင်္ဂလာဒုံလေဆိပ်မှာ အသစ်စက်စက်ဖြစ်သည်။ အီဂျစ်ပြည်ကိုင်ရိုမှ လေဆိပ်ထက်ပင်သာသည်။ ဘန်ကောက်လေဆိပ်မှာ ထိုစဉ်က ဝါးတဲကလေးသာ ရှိသေးသည်။ ယခုနှစ် ၂၀ ခန့်ကြာသောအခါ ဘန်ကောက်လေဆိပ် မှာ ကြီးမားကျယ်ဝန်းသော ခေတ်မီလေဆိပ်ကြီးဖြစ်နေလေပြီ။ ဘန်ကောက်လေဆိပ်၌ မြန်မာ လေကြောင်းအပါအဝင် လေယာဉ်ပျံကုမ္ပဏီ ၃၆ ခု အသုံးပြုသည်။ တစ်နေ့လျှင် လေယာဉ်ပျံ အဆင်းအတက်အကြိမ် ၁၄၈ ရှိသည်။ ၁၉၇၆ခုနှစ်က ခရီးသည် ၂၈ သိန်း ခရီးသွားလာ ဝင်ထွက်ကြသည်။

ဤအတိုင်းအတာကို လေယာဉ်ပျံကွင်းပေါ်တွင် ပျံဝဲစဉ်က သတိပြုမိသည်။ ဘန်ကောက် လေဆိပ်သည် ကမ္ဘာပေါ်တွင် အစည်ကားဆုံးသော လေဆိပ်များကို ရောက်ခဲ့သည်။

**အောင်ဗလ ရေးသည်။**

**ရှမဝ/၁၉၇၇ခု/အောက်တိုဘာ**

ဝေါဟာရ

မွေ့လျော် (က) ပျော်ပိုက်စွာအချိန်ကုန်လွန်စေသည်။ ရွှင်လန်းစွာအချိန်ကုန်လွန်စေသည်။

ထွေးနွေး (နဝ) ပူနွေးသောအတွေ့ကိုရရှိသော

တွယ်တာ (က) စွဲလန်းသည်၊ စုံမက်သည်၊ ခင်မင်သည်။

လက်ငင်း (ကဝ) ချက်ချင်း

ကိုယ်တော်မြတ် (န) ၁ ။ မြင့်မြတ်သောသူတို့၏ကိုယ်ခန္ဓာ
၂ ။ ရဟန်းများ၊မင်းများကိုအရိုအသေခေါ်ပြောရာတွင်သုံးရသောစကား

မျက်ဝါးထင်ထင် (ကဝ) မျက်စိရှေ့တွင်အတိုင်းသားတွေ့မြင်ရလျက်

ရင်သွေး (န) သားသမီးရင်း

သပ် (က) လက်ဖြင့်အသာအယာဖိ၍ပွတ်တိုက်သည်။(ဆံပင်သပ်၊ကျောသပ်၊ရင်သပ်စသည်ဖြင့်သုံးသည်။)

ဝင်းလိုက်ရုံ (န) ရုပ်ရှင်ရုံတစ်ရုံ၏နာမည်

မုန့်တီ (န) ဆန်မုန့်ညက်ကို ရေနှင့်နယ်ကာ အလုံးပြု၍ မကျက်တကျက်ပေါင်းပြီးနန်းခွက်ဖြင့်ရေဆူထဲသို့အမျှင်အမျှင်ညှစ်၍ ပြုလုပ်ထားသောစားဖွယ် (ဆီကျက်၊ ပဲမှုန့်စသည်ဖြင့်သုပ်၍စားသုံးကြသည်။)

မြီးရှေ (န/တရုတ်) ဆန်နှင့်ပြုလုပ်ထားသောမုန့်မျှင်များနှင့်ပြုတ်ထားသောပဲပင်ပေါက်၊အသား၊မုန်ညင်းချဉ်၊ပဲငါးပိ၊ရေတ်သီးမှုန့်၊ကော်ရည်ပျစ်စသည်ရောစပ်ထားသောတရုတ်အစားအစာတစ်မျိုး။

မုန့်ပစ်သလက် (န) မြန်မာမုန့်တစ်မျိုး။ ဖေါက်ထားသော ဆန်မှုန့်ညက်ရည်ကိုထန်းလျက်ရည်ရော၍ဖြစ်စေ၊ထန်းလျက်ရည်မပါပဲ၊ ပဲလွှမ်းပြုတ်စေ့ဖြူးလျက်ဖြစ်စေအိုးကင်း၌လောင်းထည့်၍ကျက်နပ်စေသောစားဖွယ်၊၊မုန့်ပျားသလက်ဟူ၍လည်းခေါ်၏။

မုန့်ဟင်းခါး (န) (မုန့်တီ)မုန့်ဖတ်ကို ဆန်လှော်၊ ပဲမှုန့်၊ ငါး၊ ငှက်ပျောအူစသည်တို့နှင့်ချက်ထားသောဟင်းပျစ်သို့မဟုတ်ငရုတ်ကောင်းကဲသော

ဟင်းခါးစသည်တို့နှင့် ရောစ၍စားရသော စားဖွယ်။

ပေါစံ (န) လူပြက်တစ်ဦး၏အမည်။

စူးရှ (က) ချွန်ထက်သောအရာထိုးဖေါက်ဝင်ရောက်သည်။ (ဥပစာ) ထက်မြက်သည်။

ခရေ (န) ကြယ်ပွင့်ပုံအဝါရောင်မွှေးသောအပွင့်ငယ်များပွင့်သည့်သစ်ပင်တစ်မျိုး။

တရုတ်တန်း (န) တရုတ်လူမျိုးများစုစည်းနေထိုင်သောလမ်း။

အသစ်စက်စက် (န) ယခင်ကမဖြစ်ပေါ်ဖူးသေးသောအရာ၊ယခင်ကမကြုံဖူးသေးသောအရာ၊အသုံးမပြုရသေးသောအရာ။

အရှိန်အဟုန် (န) ရွေ့လျားသောနှုန်း၊ လျင်မြန်သောအား

ဝါးတဲ (န) ဝါးနှင့်ထိုးထားသောအိမ်ကလေး

ကျောခိုင်း (က) မျက်နှာမမူပဲကျောပေးသည်။

***** ***** *****

**ရှင်း ပြ ချက်**

၁ ။ ။ ဖြစ်စေ

ဖြစ်စေဟူသည်မှာနာမ်နှင့်ဝါကျတို့၏နောက်တွင်ထား၍တစုံတရာသောပုဂ္ဂိုလ်၊တစုံတရာသောဝတ္ထုဖြင့်ပြီးနိုင်သည့်အကြောင်းပြသမ္ဗန္ဓဖြစ်သည်။...ဖြစ်စေ...ဖြစ်စေဟူ၍တစ်ခုမကတွဲသုံး၍လည်းရသည်၊ထိုကဲ့သို့သုံးလျှင်ကန့်သတ်မဲ့အနက်ဖြင့်ပုဒ်အချင်းချင်းကိုဆက်စပ်ပေးသောသမ္ဗန္ဓဖြစ်ပေသည်။ ဥပမာ–

- မည်မျှရှည်ဝေးသည့် ခရီးဖြစ်စေ၊ ပထမအစမှာ ခြေတစ်လှမ်းက စတင်ရသည်။
- မည်သည့်အလုပ်ကိုလုပ်သည်ဖြစ်စေလူထုကိုအားကိုးရမည်။
- အကြိမ်ပေါင်းမည်မျှများပြားစွာ ဖူးမျှော်သည်ဖြစ်စေ၊ အချိန်ပေါင်းမည်

မျှကြာမြင့်စွာ ဖူးမျှော်သည်ဖြစ်စေ၊ ဖူးမဝ၊ ရှုမငြီး၊ ကြည်ညိုရ၍ အားမရ နိုင်သော ရွှေတောင်မြတ်ကြီးကို ခေတ္တမျှ ခွဲရဦးတော့မည်။

– သူလာသည်ဖြစ်စေ၊ မလာသည်ဖြစ်စေ၊ ငါလာမည်။

– မောင်ဘဖြစ်စေ၊ မောင်လှဖြစ်စေ၊ တစ်ယောက်ယောက်လာခဲ့ပါ။

၂ ။ ။ မျှသာ

မျှ အရေအတွက်ပမာဏကိုပြလိုရာ၌လည်းကောင်း၊ ကတ္တားပုဒ်၊ ကံပုဒ်ကိုကန့်သတ်ဖော်ပြလိုရာ၌လည်းကောင်း၊တားမြစ်ကြိယာနှင့် သုံးရာတွင် အဆုံးစွန်မြစ်ပယ်လိုရာ၌ လည်းကောင်းသုံးသောစကားလုံး။(အနည်းဆုံး၊ယုတ်စွအဆုံး၊သာလျှင်စသည့်အနက်ရှိသည်။)သာ အခြားတစ်ပါးသောအရာကို မြစ်ပယ်လျက်ဖော်ပြရင်း ကတ္တား၊ ဝါစက၊ ကံ၊ ပစ္စည်း၊သမ္ပဒါန်၊ ကြိယာဝိသေသနစသည်တို့ကို ထင်ရှားစေလိုရာ၌ သုံးသောစကားလုံး။ မျှသာ အရေအတွက်၊ သို့မဟုတ် အတိုင်းအတာ အနည်းအကျဉ်းပင်ရှိသည်ကို ပြသောစကားလုံး။ ဥပမာ–

– ခရီးစဉ်မှာလူ့ဘဝ၏အတိုင်းအတာနှင့်နှိုင်းစာပါလျှင်ခဏဝယ်တစ်ခုမျှသာကြာမည်ဖြစ်၏။

– အကြမ်းဖျင်းမျှသာ ပြောခဲ့သည်။

– အထက်ပါသတင်းမှာ အကယ်မဟုတ်၊ စာရေးဆရာစိတ်ကူးမျှသာဖြစ်ပေသည်။

– ကပွဲသို့ လူ(၅၀)မျှသာလာသည်။

– ခင်ခင်တို့မိသားစု ကျွန်မတို့လမ်းထဲသို့ ပြောင်းရွှေ့လာသည်မှာ လပိုင်းမျှသာရှိသေးသည်။

၃ ။ ။ အားဖြင့်

ကြိယာဝိသေသနသို့မဟုတ်နာမ်နောက်တွင်ဆက်တွဲ၍ကြိယာဝိသေသနပုဒ်အဖြစ်ဖြင့်ကြိယာကိုအထူးပြုသည်။ ဥပမာ–

– လက်ငင်းအားဖြင့်

– တကယ်တန်းအားဖြင့်
– ယာယီအားဖြင့်
– စင်စစ်အားဖြင့်
– ရုတ်တရက်အားဖြင့်
– အခြေခံအားဖြင့်ပြီးစီးသွားပါပြီ။
– မူအားဖြင့်သဘောတူပါတယ်။
– ငွေအားဖြင့်၊
– စီးပွါးရေးအားဖြင့်

၄ ။ ။ များစွာရှည်ကြာဘိအလား

ဘိ ကြိယာ၏အနက်ကို သေချာစေရာ၌ သုံးနှုန်းသော စကားလုံးဖြစ်သည်။

ဥပမာ–

– ဖိနှိပ်ချုပ်ချယ်မှုတွေ များလှဘိတော့သည်။
– မိုးကလဲ သဲပါဘိ။
– နောက်ကနေ ထက်ကြပ်၍ လိုက်ကြဘိ၏။
– အဘယ့်ကြောင့် ဤစကားကို ဆိုဘိသနည်း။

အလား ပုံပန်းသွင်ပြင်၊ အခြေအနေစသည် တူညီသောအဖြစ်ကို ပြသောစကားလုံး၊ "ကဲ့သို့" နှင့် တူသည်။ ကြိယာနောက်တွင်ထားလျှင် ရှေ့တွင် "သည့်" သို့မဟုတ် "မည့်"ထည့်သုံးရမည်။ ဥပမာ–

– တော်လှန်ရေးစိတ်သည် ဒီရေအလား တက်လာ၏။
– ပီကင်းတက္ကသိုလ်သည် ဥယျာဉ်ကြီးတစ်ခုအလား သာယာလှပသည်။
– ကောင်းကင်ပြိုကျတော့မည့်အလား အုံ့မှိုင်းနေ၏။
– မောင်မောင်သည် ထမင်းမစားသေးသည့်အလား ပျော့ခွေနေသည်။

၅ ။ ။ သည်နှင့်တပြိုင်နက်

နှင့် နာမ်ပုဒ်အချင်းချင်းကိုဖြစ်စေ၊ နာမ်ပုဒ်နှင့်ကြိယာပုဒ်တို့ကိုဖြစ်စေ၊ ဆက်စပ်ပေးသောစကားလုံး။ တပြိုင်နက် တစ်ချိန်တစ်ခါတည်း။အတူတူယှဉ်တွဲလျက်။ တစ်ချက်တည်း။ မရှေးမနှောင်း။ တပြိုင်တည်းနှင့် အတူတူပင်ဖြစ်သည်။ ဥပမာ–

– မိုးရွာသည်နှင့်တပြိုင်နက် မြစ်ရေတက်လာတော့သည်။
– ကျေညာသည်နှင့်တပြိုင်နက် လက်ခုတ်သြဘာသံဆူညံလာသည်။
– ဤသတင်းကိုကြားရသည်နှင့်တပြိုင်နက် ကျောင်းသူကျောင်းသားများက ဝမ်းမြောက် ဝမ်းသာဖြစ်သွားပါသည်။
– ဆုံးဖြတ်ချက်ချသည်နှင့်တပြိုင်နက် ပြတ်ပြတ်သားသားလုပ်ရမည်။

၆ ။ ။ ဘွယ် (ဖွယ်)

တစုံတရာသောပြုလုပ်မှု၊ ခံစားမှုအလို့ငှါ ထိုက်လျော်ကြောင်းဖေါ်ပြသောစကားလုံး။ဖွယ်နှင့်အတူတူပင်ဖြစ်သည်။ဖွယ်ရာ၊ စဖွယ်စသည်ဖြင့်လည်းသုံးသည်။ ဥပမာ–

– ရှက်ဖွယ်ကောင်းသည်။
– စိတ်ဝင်စားဖွယ်ကောင်းသော အဖြစ်အပျက်ကလေးတစ်ခုကို ပြောပြမည်။
– တောပန်းနီများ တောင်လုံးပြည့် ပွင့်လန်းဝေဆာနေသော သာယာကြည်နူးဖွယ် ကောင်းသည့် နွေဦးချိန်ခါရောက်ပါပြီ။
– ရွှေတိဂုံစေတီတော်ကြီးသည် နေရောင်တွင် တစ်မျိုးအားဖြင့် သပ္ပါယ်တင့်တယ်ကြည်ညို ဖွယ်ပင်ဖြစ်သည်။

၇ ။ ။ ခေတ္တခွဲရဦးတော့မည်။

ခေတ္တ တိုတောင်းသောကာလအပိုင်းအခြား။ ခဏတဖြုတ်။
ခွဲ အတူတကွ တည်နေရာမှ ဖဲကြဉ်ခွဲထွက်သည်။
ရ မုချမသွေ ဟူသောအနက်ဖြင့် ကြိယာနောက်မှ ကပ်၍သုံးသည့်စကားလုံး။

试读结束：需要全本请在线购买： www.ertongbook.com